ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလကွယ်၊ သောကြာနေ့၊ (4-3-2011) (၆၉၈၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ
အဖွဲ့ဝင် (၁၅)ဦးပါ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်း

ခွင့်ပြုသောငွေကို သတ်မှတ်ထားသည့်ကိစ္စအတွက်သာလျှင် သုံးစွဲခြင်း ရှိ၊ မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ၊ မရှိနှင့် ခွင့်ပြုသည့်ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိ စိစစ်ရမည်

နေပြည်တော် မတ် ၃

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၄) ဦး ရှိသည့်အနက် (၄၃၂)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၄) ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ ပုဒ်မခွဲ (က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ နှင့် ၂၂၊ နည်းဥပဒေ ၃၃ နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌက **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်

တင်ထွေး ၏ သတင်းဆောင်းပါး စာမျက်နှာ - ၈၊ ၉

ကြေးမုံ The Mirror
၄-၃-၂၀၁၁
(သောကြာနေ့)

အမျိုးသားရေးစွမ်းဆောင်ရည် မြှင့်တင်

မျက်မှောက်အချိန်အခါသည် ပညာရေးကို ဗဟိုပြုပြီး လူ့ဘောင်အဖွဲ့အစည်း၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နေသည့် ပညာခေတ်သို့ ကူးပြောင်းနေချိန်ဖြစ်သည်။ ပညာရေးကို မဏ္ဍိုင်ပြုပြီး မိမိတို့လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းဖြင့်သာ အနာဂတ်နိုင်ငံတော် ရေရှည်ခေတ်မီဖွံ့ဖြိုးတိုးတက်မည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်မည် ဖြစ်သည်။

ပြောင်းလဲတိုးတက်နေသော အချိန်ကာလနှင့်အတူ နိုင်ငံတည်ငြိမ်အေးချမ်းပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများရှိရပေမည်။ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးသည်လည်း ပဓာနကျသော လိုအပ်ချက်တစ်ရပ် ဖြစ်သည်။

ယင်းအကြောင်းတရားများကြောင့် နိုင်ငံတော်က အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးနေခြင်းဖြစ်သည်။ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းချမှတ်၍ ဖော်ဆောင်လျက်ရှိသည်။ ပညာရေးကဏ္ဍအနေဖြင့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်သာမက ဝိဇ္ဇာပညာရပ်များလည်း ဟန်ချက်ညီညီ မြင့်မားလာစေရေး ဆောင်ရွက်ကြရပေမည်။

ဝိဇ္ဇာပညာရပ်များနှင့်အတူ အသိပညာရှင်၊ အတတ်ပညာရှင်များ ခေတ်နှင့်တစ်ပြေးညီ ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရား ပိုမိုပြည့်ဝစေမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် နှိုင်းဆချင့်ချိန် တွေးခေါ်မြော်မြင်နိုင်မှု၊ ဆင်ခြင်တုံတရားမြင့်မားမှု၊ စိတ်ဓာတ်ရေးရာ စွမ်းအားခိုင်မာမှုများ ပိုမိုရရှိလာမည် ဖြစ်သည်။

ပြည်သူအများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မား၊ ကောင်းဆိုး မှန်၊ မှား ချင့်ချိန်နိုင်ခြင်းဖြင့် ဥပဒေစည်းကမ်း ဖောက်ဖျက်မှုများ ကင်းရှင်းသည့် လူ့ဘောင်အဖွဲ့အစည်း တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာပြီး အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မှု အရည်အသွေးကောင်းများ ပြည့်စုံနေစေရေး စဉ်ဆက်မပြတ် ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာ ဆရာ၊ ဆရာမများအားလုံးက အဆင့်မြင့်ပညာကဏ္ဍ ပညာရေးတာဝန်များကို ထမ်းဆောင်ရင်း အမျိုးသားပညာရည် မြင့်မားမှုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

GLORY မှ အဆင့်မြင့်အင်ဂျင်နီယာဒီပလိုမာ တန်းခွဲသစ်များ ဖွင့်လှစ်မည်

ရန်ကုန် မတ် ၃

GLORY အင်ဂျင်နီယာအတတ်ပညာသင်တန်းကျောင်းမှ Engineering Diploma နှင့် Advanced Diploma တန်းခွဲသစ်များကို မတ် ၁၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ရုံးချိန်တွင်း တန်းခွဲအပြင် ရုံးချိန်လွတ်တန်းခွဲပါ စီစဉ်ထားသည်။

GLORY သည် City & Guilds (UK) ၏ Approved Training Centre တစ်ခုဖြစ်ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင် သုံးဦးကို မွေးထုတ်ပေးနိုင်ခဲ့သဖြင့် High Standard of Teaching and Training School အဖြစ် အသိအမှတ်ပြုခံထားရသည်။ GLORY မှ ဖွင့်လှစ်သော အင်ဂျင်နီယာဒီပလိုမာ တန်းခွဲများသည် သင်တန်းကာလ ခြောက်လမှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဖြစ်သည်။ UK မှ စစ်ဆေးသော စာမေးပွဲကို အောင်မြင်ပါက NQF Level (2) မှ (5) အတွင်း အဆင့်ရှိ ဒီပလိုမာလက်မှတ်ကို City & Guilds (UK) မှ ချီးမြှင့်မည်။ အဆိုပါလက်မှတ်ရရှိထားပါက နိုင်ငံတကာ တက္ကသိုလ်ကြီးများ ဆက်တက်ရန်အတွက် Direct Entry ရရှိခြင်း၊ Exemption များရရှိခြင်း အစရှိသော အခွင့်အရေးများ ရရှိနိုင်သကဲ့သို့ စင်ကာပူတွင်သွားရောက် အလုပ်လုပ်လိုသူများအတွက်လည်း Technician, Engineer ရာထူးများဖြင့် လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ထို့အပြင် အလုပ်လုပ်ခွင့်ပါမစ် (S-pass, Employment pass)များ ရရှိရန်လည်း အထောက်အကူပြုသည်။ Level (3)သင်တန်းများကို တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူတိုင်း တက်ရောက်နိုင်ပြီး Level(5) သင်တန်းများကို ပြည်တွင်းပြည်ပမှ အင်ဂျင်နီယာဒီပလိုမာတစ်ခုခု ရရှိထားသူများ တိုက်ရိုက်တက်ရောက်နိုင်သည်။ ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များမှာ နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်း ပေါများသော ဘာသာရပ်များဖြစ်သည့် Electronic, Electrical, Mechatronic, Mechanical, Mechanical and Electrical, Construction (Civil), Refrigeration and Airconditioning, Electrical, Installation တို့ဖြစ်သည်။ Engineering အခြေခံမရှိသူများအတွက် Foundation Course ကို အခမဲ့သင်ကြားပေးပြီး အဆိုပါသင်တန်းတွင် Basic Hand Drawing , Technical English, Safety ဘာသာရပ်များ ပါဝင်သည်။ ထို့အပြင် အင်ဂျင်နီယာဒီပလိုမာသင်တန်းသားတိုင်းကို English Proficiency Course နှင့် မိမိတက်သော ဘာသာရပ်နှင့် သက်ဆိုင်သည့် လက်တွေ့သင်တန်း နှစ်မျိုးတို့ကို အခမဲ့သင်ကြားပေးမည်ဖြစ်သည်။

မတ် ၁၈ရက်မတိုင်မီ သင်တန်းအပ်နှံပါက အထူး Discount ဖြင့် လက်ခံပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ၁၂၅ (ဘီ) ပထမထပ် (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၄၃၁ နှင့် ၀၉-၇၃၁၂၁၇၁၇ Website: www.glory-education.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်တပ်နယ်အတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် ရွှေသောင်ယံမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပုသိမ်မြို့နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးခြံ၌ ရာသီသီးနှံ စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပုသိမ်မြို့ နယ်မြေခံ ပညာရေးကျောင်းသို့ရောက်ရှိပြီး သင်တန်းသားများ သင်ယူနေမှုနှင့် အိမ်ထောင်သည် မိသားစုများ၏ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နယ်မြေခံ သင်တန်းကျောင်းသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက သင်တန်းများ ဖွင့်လှစ်သင်ကြားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် မိသားစုများ၏ ရာသီသီးနှံစိုက်ပျိုးမှုနှင့် မွေးမြူရေးအခြေအနေများ၊ သင်တန်းကျောင်း၏မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၅ရက်တွင် ပုသိမ်မြို့ ရွှေသောင်ယံမြို့နယ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ရွှေသောင်ယံမြို့နယ် ချောင်းသာကမ်းခြေ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုစစ်ဆေးကာ ချောင်းသာကမ်းခြေ၌ ကျင်းပသော မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်)က ကြီးမှူးကျင်းပသည့် နိဗ္ဗာန်ဈေး၊ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော် အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ တာဝန်ရှိသူများက ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပွဲတော်အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ဓာတ်ပုံပြိုင်ပွဲနှင့် သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြကာ တိုင်းမှူးသည် ဓာတ်ပုံပြိုင်ပွဲပြခန်း၊ နိဗ္ဗာန်ဈေးနှင့် ဈေးရောင်းပွဲတော် အရောင်းဆိုင်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက်ရောက်အားပေး

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်)က ကြီးမှူးပြုလုပ်သော နိဗ္ဗာန်ဈေး၊ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၇ ရက်က ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလင်းသန့် မြို့နယ်မီးဘေးကြိုတင်တားဆီးရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း မီးသတ်ရေလှောင်ကန်များ၊ ရေတိုင်ကီများအား ကြိုတင်ရေဖြည့်သွင်းရေး၊ မီးသတ်စခန်းများအား ယာဉ်၊ စက်အသင့်၊ လူအသင့်၊ ရေအသင့်၊ ဆီအသင့် ရှိနေစေရေးအတွက် လိုက်လံစစ်ဆေးစဉ်။ (၁၃၅)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၃

ဦးမြတ်လင်းအောင်(မြန်မာ့လေကြောင်း)သည် ဖေဖော်ဝါရီ ၂၅ရက်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ နဒီသောင်ယံ ဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသော ဦးကျော်သူစိုး (မြို့နယ်ဥက္ကဋ္ဌ)၊ ဦးကျန်လူ (News Tech Computer)၊ ဦးတင်အောင်စိုး(မေဖုန်းမိုရ်ဟိုတယ်)၊ ဦးအောင်အောင်ခိုင်(အကောက်ခွန်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် (XX10) 22 ဂေါက်သီးအား Judge Iron (Pitching Wedge)တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၁၀အကွာအဝေးရှိ ကျင်းအမှတ်(၅)ကို တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် တီရစ္ဆာန်ဆေးကုသိပ္ပံ အာစရိယပူဇော်ပွဲ ကျင်းပမည့်နေရာ ပြောင်းလဲ

ရန်ကုန် မတ် ၃

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံ၌ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများက မြတ်ဆရာပူဇော်ပွဲနှင့် တိ/ကုသိပ္ပံဆင်း သက်ကြီးဆရာကြီးများအား ကန်တော့ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီ၌ အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ရုံးခန်းမ၌ ငါးမွေးမြူရေးအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမအစား ပြောင်းလဲကျင်းပမည်ဖြစ်ပါ၍ အလှူငွေများကို ဦးအောင်စိုး ဖုန်း-၅၄၅၁၃၅၊ ၀၉-၅၀၆၄၀၂၉၊ ဦးစံကြိုင် ဖုန်း-၀၉-၇၃၀၁၄၆၈၉၊ ဦးအောင်သန်းမြင့် ဖုန်း-၀၉-၇၃၀၁၄၃၁၈၊ ဦးထွဏ်းဆွေ ဖုန်း-၀၉-၇၃၀၁၂၆၂၅၊ ဦးရှောင်စိန် ဖုန်း-၆၄၀၇၆၆၊ ဦးထွန်းလှိုင် ဖုန်း-၀၉-၅၀၆၂၂၄၈၊ ဦးအောင်သန်းဝင်း ဖုန်း-၅၃၈၄၈၂၊ ဦးစိုးတင့် ဖုန်း-၀၅၅၃၁၁၆၄နှင့် ဦးဖိုးစိုး ဖုန်း-၀၉-၅၁၁၆၉၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၅) ရပ်တီ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရရှိသူ မဖြူဖြူခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝေ ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေကို လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လည်းကောင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူဖွဲ့စည်းရမည်ဟု သတ်မှတ်ထားပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၉ အရ ပြည်သူ့ငွေစာရင်းကော်မတီ၏ သက်တမ်းသည် လွှတ်တော်၏သက်တမ်းအတိုင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ကော်မတီဝင်များကိုမူ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ကြောင်း။

ယနေ့ ပြည်သူ့ငွေစာရင်းကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးပြီး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် အခွင့်အရေးများကို သတ်မှတ်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ နှင့်အညီ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုလည်း လွှတ်တော်က သတ်မှတ်ပေးရမည်ဖြစ်သည့်အတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိအတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်များမှာ -

(၁) ကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသည့် ကိစ္စအတွက်သာလျှင် သုံးစွဲခြင်းရှိ၊ မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်းရှိ၊ မရှိနှင့် ခွင့်ပြုသည့်ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိတို့ကို စိစစ်ရမည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်-

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးစွဲခြင်း၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိခြင်း၊

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံနည်းလမ်း အားနည်းချက်များကို စိစစ်တွေ့ရှိခြင်း၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ အမိန့်အတိုင်း ပြုလုပ်ရသည့် စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

(၂) ကော်မတီက စိစစ်ပေးရန် လိုအပ်သောကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်တို့ကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု ပြည်သူ့လွှတ်တော်က ဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၃) သာမန်အားဖြင့် အထက်အပိုဒ် (၁) နှင့် အပိုဒ် (၂)တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(၄) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ -

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လေးရက်ထက်မစော ၁၀ ရက်ထက်နောက်မကျသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော် လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့် ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌများအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(၄) ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့် ရှိသည် ဟူ၍ ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေ ၃၃ နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ -

(၁) ဦးစိုင်းသီဟကျော် မိုင်းရယ်မဲဆန္ဒနယ်

(၂) ဦးမန်းမောင်မောင်ဉာဏ် ပန်းတနော်မဲဆန္ဒနယ်

စာမျက်နှာ ၄ ကော်လံ ၁ သို့

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော်　　မတ်　　၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

❍ စာမျက်နှာ ၃ မှ

(၃) ဒေါ်တင်နွယ်ဦး　　မြောက်ဒဂုံမဲဆန္ဒနယ်
(၄) ဦးခွန်မောင်သောင်း　　ပင်လောင်းမဲဆန္ဒနယ်
(၅) ဦးခွန်လိန်း　　ဖလမ်းမဲဆန္ဒနယ်
(၆) ဦးသူရိန်ဇော်　　ကော့ကရိတ်မဲဆန္ဒနယ်
(၇) ဦးမောင်တိုး　　မင်းလှမဲဆန္ဒနယ်
(၈) ဦးစိုးမြင့်　　ညောင်လေးပင်မဲဆန္ဒနယ်
(၉) ဦးကြည်သာ　　ဂွမဲဆန္ဒနယ်
(၁၀) ဦးအောင်မြသန်း　　ညောင်တုန်းမဲဆန္ဒနယ်
(၁၁) ဦးဟောက်ခန့်မန်　　တွန်းဇံမဲဆန္ဒနယ်
(၁၂) ဦးအောင်လင်းလှိုင်　　ဘုတ်ပြင်းမဲဆန္ဒနယ်
(၁၃) ဒေါက်တာဝင်းမြင့်　　လှိုင်မဲဆန္ဒနယ်
(၁၄) ဒေါ်မိယဉ်ချမ်း　　ကျိုက်မရောမဲဆန္ဒနယ်
(၁၅) ဦးမိုးဇော်ဟိန်း　　ကသာမဲဆန္ဒနယ်တို့ဖြစ်ကြပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးအား လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မတ်လ ၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းပေါ်ရှိ ဆားကျင်းချောင်းတံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမြင့်သိန်း မြောင်းမြ-လပွတ္တာလမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန်　　မတ်　　၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့နံနက်ပိုင်းတွင် မြောင်းမြ-လပွတ္တာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လပွတ္တာ-သုံးခွ-ထိပ်စွန်းလမ်းနှင့် မြောင်းမြ-လပွတ္တာလမ်းတို့ဆက်သွယ်မည့် မိုင်တိုင် (၁၈/၆)မှ ခွဲထွက်သည့် လမ်းအူကြောင်းကို ကြည့်ရှုစစ်ဆေးကာ လပွတ္တာ (ပင်လယ်လေးမြစ်ကူး) တံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းပေါ်ရှိ ဆားကျင်းချောင်းတံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်ဦးမြို့ အမှတ်(၆)ရပ်ကွက် အောင်မြေသာ(၁) ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

နေပြည်တော်　　မတ်　　၃

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ညောင်ဦးမြို့ အမှတ်(၆)ရပ်ကွက် အောင်မြေသာ(၁) ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ညောင်ဦးခရိုင်ဥက္ကဋ္ဌ ဦးရန်လင်းအောင်၊ မြို့နယ်ဥက္ကဋ္ဌသူရဦးထွန်းလင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်တို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အောင်မြေသာ(၁)ကတ္တရာလမ်းသည် အရှည်ပေ ၁၁၀၀ နှင့် အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၆၁ ဒသမ ၈ သိန်း အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းစီမံကွပ်ကဲမှု လက်တွေ့အသုံးချနည်းစနစ်သင်တန်းဖွင့်မည်

ရန်ကုန်　　မတ်　　၃

WISE International School for Executives(ABE Accredited College)က ကြီးမှူး၍ လုပ်ငန်းစီမံကွပ်ကဲမှု လက်တွေ့အသုံးချနည်းစနစ် (Operation Management)ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို မတ် ၅ ရက်မှစ၍ စနေနေ့နှင့် တနင်္ဂနွေနေ့ ညနေ ၅ နာရီခွဲမှ ၇ နာရီခွဲအထိ ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း အားလုံးနှင့် သက်ဆိုင်သော လုပ်ငန်းခွင်စီမံကွပ်ကဲမှုနည်းစနစ်များကို လက်တွေ့စီမံလုပ်ကိုင်တတ်စေရန်၊ စက်မှုလက်မှု၊ ကုန်သွယ်မှု၊ စီမံခန့်ခွဲမှုအပြင် Project Planning များ၊ Strategic Planning များ ကောင်းစွာ ရေးဆွဲတတ်စေရန် ရည်ရွယ်၍ လက်တွေ့လုပ်ငန်းခွင်နှင့် သင်ကြားမှု အတွေ့အကြုံရှိ ဆရာဦးသိန်းငွေ (စာရေးဆရာသိန်းငွေမောင်)က သင်ကြားဆွေးနွေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ တက်ရောက်သင့်ပြီး သင်တန်းကာလမှာ နာရီ ၂၀ ကြာ၍ သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် WISE International School for Executives (ABE Accredited College) အခန်းအမှတ် (၁၀၉)(၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းကြိုတင်စာရင်းပေးသွင်းနိုင်သည်။

Member Program အသင်းဝင် (Member) များအား အထူးအစီအစဉ်ဖြင့် သတ်မှတ်ထားသော ခံစားခွင့်အပြင် သင်တန်းကြေး ၄၀ ရာခိုင်နှုန်းအား ထပ်မံလျှော့၍ ခံစားခွင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

အထက(၁)စမ်းချောင်း (၁၉၆၅-၈၀) ကျန်းမာရေးအထောက်အကူပြု ကော်မတီဖွဲ့စည်း

ရန်ကုန်　　မတ်　　၃

အထက(၁) စမ်းချောင်းမှ (၁၉၆၅-၈၀)ခုနှစ် ကန်တော့ခံဆရာများအား ကျန်းမာရေးအထောက်အကူပြုနိုင်ရန်အတွက် ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီက ကျန်းမာရေးအထောက်အကူပြုကော်မတီကို ဖေဖော်ဝါရီ ၆ ရက်က ဖွဲ့စည်းလိုက်သည်။

အဆိုပါကော်မတီသည် သာမန်ထက်ထူးကဲသည့် ရောဂါဝေဒနာခံစားနေရသော ဆရာ၊ ဆရာမများအား ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပြီး ဦးဆောင်မည့် ဆရာများနှင့် ကနဦးပံ့ပိုးကြမည့် ဒေါ်မြမြသိန်း ဖုန်း-၀၁-၅၀၃၁၉၃၊ ဒေါ်ခင်မာလာတင်ထွန်း ဖုန်း-၀၁-၅၄၈၆၅၇၊ ဦးသိန်းမြင့် ဖုန်း-၀၁-၂၄၃၇၄၈၊ ဒေါ်ညိုညိုရင် (ကျောင်းတာဝန်ခံ) ဖုန်း-၀၁-၅၃၅၇၅၃ နှင့် ကျောင်းသားဟောင်း ဦးလှအောင်ရွှေ ဖုန်း-၀၉-၅၀၀-၂၇၇၁၊ ဦးမောင်မောင်ဌေး ဖုန်း-၀၁-၅၂၆၃၆၂၊ ဦးစိုးနိုင် ဖုန်း-၀၉-၈၀၂၂၀၇၅၊ ဦးသက်ဦး ဖုန်း-၀၉-၈၀-၂၁၁၅၆၊ ဦးမင်းအောင် ဖုန်း-၀၉-၅၁၂၅၄၆၂၊ ဦးခင်မောင်ကျော်ဒင် ဖုန်း-၀၆၇-၃၆၁၂၄၊ ဒေါ်မြင့်မြင့်စိန် ဖုန်း-၀၉-၅၁-၁၈၅၆၉ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆားလင်းကြီးမြို့နယ် ဖလန်ကန်ကျေးရွာ သစ်သားတံတားဖွင့်

ဆားလင်းကြီး　　မတ်　　၃

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဖလန်ကန်ကျေးရွာ သစ်သားတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါတံတားသည် အရှည်ပေ ၅၀၊ အကျယ် ၁၃ ပေရှိပြီး ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၇၈ သိန်း စုစုပေါင်းကျပ် ၁၀၈ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** (မြို့နယ်ပြန်/ဆက်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

လျာထားပါကြောင်း၊ ကော်မတီဝင်များ၏ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်ကသတ်မှတ်ပေးမည့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်များမှာ -

(၁) ကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသည့် ကိစ္စအတွက်သာလျှင် သုံးစွဲခြင်း ရှိ/ မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်းရှိ/မရှိနှင့် ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ /မရှိတို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်-

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍သုံးစွဲခြင်း၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိခြင်း၊

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေ သုံးစွဲပုံနည်းလမ်း အားနည်းချက်များကို စိစစ်တွေ့ရှိခြင်း၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ အမိန့်အတိုင်း ပြုလုပ်ရသည့် စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

(၂) ကော်မတီကစိစစ်ပေးရန် လိုအပ်သောကိစ္စများနှင့် စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို အမျိုးသားလွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် တင်ပြရမည်။

(ခ) အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို အမျိုးသားလွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဂ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု အမျိုးသားလွှတ်တော်ကဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၃) သာမန်အားဖြင့် အထက်အပိုဒ် (၁)နှင့် အပိုဒ် (၂)တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(၄) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက ကဖွဲ့စည်းသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည် ဟူ၍ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ -

(၁) ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လေးရက်ထက်မစော၊ ၁၀ ရက်ထက်နောက်မကျသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့် ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌများအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။

(၄) ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ဟူ၍ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -

(၁) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၅ မှ

(၂) ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ်ပါဝင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ -

(၁) ဦးဘရန်ရှောင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)
(၂) ဦးဆားရယ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)
(၃) ဦးစောထွန်းမြအောင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)
(၄) ဦးဇုန်လှယ်ထန်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)
(၅) ဦးစတီဖင်သာဘိတ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)
(၆) ဒေါ်ရီရီမြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၇) ဦးခင်မောင်အေး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၈) ဦးသိန်းဝင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)
(၉) ဦးမိုးမြင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၁၀) ဒေါ်ချိုနွယ်ဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၁၁) ဦးအောင်ထွန်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)
(၁၂) ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)
(၁၃) ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)
(၁၄) ဦးခင်မောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၁၅) ဦးရှုမောင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)တို့ဖြစ်ကြပြီး

ကော်မတီ ဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဦးခင်မောင်အေးအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို မတ်လ ၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅ ၃။ နိုင်ငံတော်သီချင်း
၄း၁၀ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
၄း၂၅ ၇။ ဇာတ်လမ်းတို
၄း၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅ ၁၀။ အိုင်စီတီသုတ
၄း၅၅ ၁၁။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၂၅ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့်တောတွင်းတိရစ္ဆာန်များ -မိုးမြင့်ထက်က ရွှေလင်းယုန် (အပိုင်း-၂)
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၆။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၇။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၄၄)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက်(၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ သံစဉ်များနှင့်ကမ္ဘာ
၂၅။ စိုက်ပျိုးသုတ
၂၆။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၂၇။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၁၀)**
၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၃၀။ သင့်အတွက်မနက်ဖြန်
၃၁။ အပိတ်နှုတ်ဆက်စကား
၃၂။ ပြီးပါပြီ။

MSI မှ Non Profit စနစ်ဖြင့် အမေရိကန်ပညာရေးနှင့် ထိုင်းနိုင်ငံ လေ့လာရေးခရီးစဉ်

ရန်ကုန် မတ် ၃

Myanmar Search International (MSI) နိုင်ငံခြား ပညာရေးဝန်ဆောင်မှု ကုမ္ပဏီသည် Webster University Thailand Campus (WUTC) ၏ ပူးပေါင်းကူညီမှုဖြင့် Webster Education Tour Package Program ကို March လမှစတင်၍ အမေရိကန်ပညာရေးနှင့် ထိုင်းနိုင်ငံ လေ့လာရေးခရီးစဉ်တစ်ခုအဖြစ် (Non Profit -အကျိုးအမြတ်မရှိ) စနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။

လေ့လာရေးခရီးစဉ်တွင် WUTC ရှိ Master Program သင်ကြားနေသော "Bangkok Academic Center"နှင့် Undergraduate Program ကို သင်ကြားနေသည့် "Resort Town" တစ်ခုဖြစ်သည့် Cha- am, Hua- Hin Campus နှင့် ၎င်းဒေသနှစ်ခုရှိ အထင်ကရနေရာများကို လေ့လာမည်ဖြစ်သည်။ ခရီးစဉ် ကာလမှာ သုံးညအိပ် လေးရက်ဖြစ်ပြီး ၎င်း "Campus" နှစ်ခုသို့သွားရောက်မည့် ကုန်ကျစရိတ်နှင့် တည်းခိုစရိတ်၊ နေထိုင်စားသောက်စရိတ်ကို Webster University Thailand Campus (WUTC)မှ တစ်နေ့တာအတွက် အကုန်အကျခံမည်ဖြစ်ကြောင်းနှင့် ၎င်းခရီးစဉ်တွင် (MSI) ပညာရေးဝန်ဆောင်မှုကဦးစီး၍ အမေရိကန်ပညာရေးကို စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကိုပါ ကုန်ကျစရိတ်သက်သာပြီး Non Profit စနစ်ဖြင့် လိုက်လံပို့ဆောင်ပေးမည်။ ၎င်းအစီအစဉ်အတွက် အိမ်ထောင်တစ်စုလျှင် မိသားစုဝင်နှစ်ဦးသာ လက်ခံမည်ဖြစ်ပြီး လျှောက်လွှာများကို အိမ်ထောင်စု ၃၀ အတွက် စီစဉ်ထားပြီးဖြစ်သည်။ ထိုအိမ်ထောင်စု ၃၀ ထံမှ အဆင့်ဆင့် ရွေးချယ်စိစစ်လက်ခံသွားမည်ဖြစ်သည်။ Webster University ကို ၁၉၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ MISSOURI ပြည်နယ် St. Louis မြို့၌ စတင် တည်ထောင်ခဲ့ပြီး နိုင်ငံတကာရှိ St. Louis (Missouri), Geneva (Swi), Leiden (Netherlands), Shanghai (China), London (England) , Vienna (Austria), Osaka (Japan), Guiadala jara (Mexico), BKK (Thailand) Campus ပေါင်း ကိုးခုအပါအဝင် ကမ္ဘာအနှံ့အပြားတွင်လည်း University ပေါင်း ၁၀၀ ကျော်နှင့် ချိတ်ဆက်ထားသည်။ Webster University တွင် မြန်မာကျောင်းသားများ အပါအဝင် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ကျောင်းသားများ တက်ရောက်လျက်ရှိသည်။

Bangkok Academic Center ရှိ Master Program သင်ကြားနိုင်သော ဘာသာရပ်များမှာ Master of Business Administration (MBA), Master of Arts in International Relations, Master of Arts in Media Communications တို့ဖြစ်သည်။

Webster Education Tour Package နှင့် ပတ်သက်သည့်လျှောက်လွှာကို MSI Office တွင် မတ် ၁ ရက်မှစပြီး အခမဲ့ထုတ်ယူနိုင်သည်။ စိတ်ဝင်စားသော ကျောင်းသားများ မတ် ၁၄ ရက် (တနင်္လာနေ့) ညနေ ၅ နာရီ နောက်ဆုံးထားပြီး စာရင်းပေးသွင်းရန်နှင့် လူဦးရေအကန့်အသတ်ရှိသောကြောင့် ပထမဦးစားပေးစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက အမှတ် (၂၃၄) ဒုတိယထပ် (ညာ) ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉ နှင့် ၀၁-၃၈၉၉၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် ကော်မတီဝင်ဦးရေ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘောတူညီချက်ရယူ

နေပြည်တော် မတ် ၃

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

အဆိုပါအစည်းအဝေးများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြထားသော ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတို့တွင် ပါဝင်သင့်သည့် ကော်မတီဝင်ဦးရေ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်အား အတည်ပြုချက်ရယူရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အသီးသီးက အတည်ပြုကြေညာသည်။

စနစ်တကျ

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းဆောင်ရွက်ရာ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူတို့က အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ရန်ကုန်-ကွမ်ကျိုးခရီးစဉ်သစ် စတင်ပျံသန်းခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၃-၂၀၁၁ (သောကြာနေ့)
(၁၃၇၂ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၅ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅း၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၅ ၁၀။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၁၆)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၃၃)**
- ၂၀။ သီချင်းချစ်သူ (မီးမီးခဲ)
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
- ၂၂။ အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ရန်ကုန်-ကွမ်ကျိုး ခရီးစဉ်သစ် စတင်ပျံသန်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၃

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-ကွမ်ကျိုး ခရီးစဉ်သစ် စတင်ပျံသန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း နာယကဦးအောင်ကိုဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရန်ကုန်-ကွမ်ကျိုး ခရီးစဉ်တွင် လိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်က တစ်နှစ်လျှင် သုံးကြိမ်ခန့် ကျင်းပပေးသည့် မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာရောင်းချပွဲများသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တက်ရောက်လေ့ရှိသော တရုတ်ကျောက်စိမ်းကုန်သည်ဦးရေ ၅၀၀၀ မှ ၆၀၀၀ ခန့်အတွက် အသွား/အပြန် စီးနင်းနိုင်ရန် အထူးအဆင်ပြေကြောင်းနှင့် မတ်လအတွင်း ကျင်းပမည့် ကျောက်စိမ်းကျောက်မျက်ရောင်းချပွဲသို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းမှ စင်းလုံးငှားလေယာဉ် ၁၆ စင်း ငှားရမ်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်-ကွမ်ကျိုးခရီးစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံကြား ခရီးသွားလာမည့်သူများအတွက်သာမက ကုန်ပစ္စည်းများကိုလည်း သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းအပါအဝင်ထွက်ကုန်အမျိုးမျိုးကို အချိန်အနည်းငယ်အတွင်း သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်၍ ကုန်စည်ပို့ဆောင်သူများ မျှော်လင့်တောင့်တနေသော ခရီးစဉ်ဖြစ်ကြောင်းလည်း သိရှိရပြီး ရန်ကုန်-ကွမ်ကျိုးခရီးစဉ်ကို တစ်ပတ်လျှင် နှစ်ကြိမ် ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems(2011)သင်တန်းကို မတ် ၂၆ ရက်မှ ဖွန် ၂၆ ရက်အထိ (စနေ၊ တနင်္ဂနွေ)ရက်များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတွင်ပါဝင်ကူညီကြမည့် ဆေးကုမ္ပဏီများကို တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင် (ဘီ)သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် မတ် ၁၇ ရက်မှ ၁၈ ရက် အတွင်း နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံလေးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ်တစ်လျှောက် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် မတ် ၂ ရက် နံနက် ၉ နာရီတွင် ရိုးမဖြတ်ကျော်လမ်းခုနစ်လမ်းမှ ဆဋ္ဌမလမ်းဖြစ်သော နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ် မိုင်တိုင်အမှတ် (၉/၄)နှင့် (၉/၅) အကြား ခေတ်သစ်ကုမ္ပဏီက ငလိုက်ချောင်းတံတား ပေ ၂၀ လေးခန်းတွဲ Box Culvert တည်ဆောက်ပြီးစီးမှုနှင့် မိုင်တိုင်အမှတ် (၁၁/၆) ၌ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၉) က တာဝန်ယူတည်ဆောက်နေသော ထန်းတပင်ချောင်းတံတား ပေ ၂၀ သုံးခန်းတွဲ Box Culvert တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် မိုင်တိုင်အမှတ်(၂၉/၇)နှင့်(၃၀/၀) အကြားရှိ ရွှေပန်းချောင်းတံတား အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၄၆/၂) နှင့် (၄၆/၃) အကြား၌ စွန်ချောင်းတံတား တည်ဆောက်နေမှု၊ တံတား၌ အသုံးပြုမည့်ပေ ၉၀ ရှည်သံပေါင်ရက်မများရောက်ရှိနေမှုနှင့် မိုင်တိုင်အမှတ် (၅၂/၄)၌ ယင်းချောင်းတံတားတိုင်လုပ်ငန်းများပြီးစီး၍ Girder လုပ်ငန်းများနှင့် Over Lay Slab လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား(မကွေး) ကားလမ်းသစ်သည် ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် လမ်းခုနစ်လမ်းမှ ဆဋ္ဌမမြောက်လမ်းဖြစ်ပြီး အရှည် ၁၀၇ မိုင် ၂ ဖာလုံရှိကာ အဆိုပါ လမ်းပေါ်တွင် တံတားလေးစင်း၊ Box Culvert ၁၅၃ စင်း စုစုပေါင်း ၁၅၇ စင်းရှိပြီး မကြာမီဖွင့်လှစ်နိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ခရိုင်အဖွဲ့ ငါးဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ တစ်ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ တစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ လေးဖွဲ့၊ တံတားအထူးအဖွဲ့ နှစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ၁၄ ဖွဲ့ စုစုပေါင်း ၂၇ ဖွဲ့ဖြင့် လူအင်အား၊ စက်ယန္တရားအင်အားတို့ကို အင်အားပြည့်အသုံးပြုကာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် နေ့/ည ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော် မဏိရတနာ

သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်) ➢ ဓာတ်ပုံမှတ်တမ်း - ကိုထွေးနှင့် မျိုးမြင့် (သတင်းစဉ်)

မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြီး ပြည်ပရတနာ ကုန်သည်များအား နိုင်ငံခြားငွေဖြင့် ရောင်းချခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများကို ယခင်က တစ်နှစ်လျှင် တစ်ကြိမ်သာကျင်းပခဲ့ရာမှ နောက်ပိုင်းတွင် တစ်နှစ်လျှင် နှစ်ကြိမ်တိုးမြှင့်၍ ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်မှစတင်၍ဇွန်လတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို ကျင်းပခဲ့ပြီးနောက် တစ်နှစ်လျှင် သုံးကြိမ် ပုံမှန်ကျင်းပနိုင်ခဲ့သည်။၂၀၁၀ခုနှစ် ဇွန်/ ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းပွဲအထိသာ ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာလ နှစ်လယ် ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများအနက် မတ်လအတွင်းကျင်းပသည့် ပြပွဲများမှာ ပြည်ပရတနာကုန်သည်များ လာရောက်မှုနှင့် ကျောက်စိမ်း၊ ကျောက်မျက်ရောင်းချရမှု များပြားသော ပြပွဲဖြစ်သည်။ ယခုအခါ မတ်လအတွင်း ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ(၄၈)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို မတ် ၁၀ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် ရတနာပြပွဲဖြစ်ရာ ပြည်ပရတနာကုန်သည်များ သွားလာ၊ နေထိုင်၊ စားသောက်မှုအပိုင်းတွင် ပထမအကြိမ်ကထက် ပိုမိုအဆင်ပြေလွယ်ကူစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီသည် ကျောက်မျက်ရတနာများ သယ်ယူခင်းကျင်းပြသ ရေးဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဆက်သွယ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ စီမံရေးရာဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပုလဲဆပ်ကော်မတီ၊ ကျောက်မျက် ဆပ်ကော်မတီ၊ ကျောက်စိမ်းဆပ်ကော်မတီတို့ကို

များ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ယင်းသို့ ပြသရောင်းချရာတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲဥပဒေနှင့်အညီ ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်နေသော ကုမ္ပဏီများ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊

(Competitive Bidding System) တို့ဖြင့် ရောင်းချသွားမည် ဖြစ်သည်။ လိုင်စင်ရရှိထားသည့် ရတနာဆိုင်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် ဆိုင်ခန်းများချထားပြီး လက်ဝတ်ရတနာများ၊ ကျောက်စိမ်း၊ ကျောက်

မြန်မာ့ ကျောက်မျက်ရတနာပြပွဲထက် ကျောက်စိမ်းအတွဲများ ပိုမိုရောက်ရှိနေသဖြင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) အနီးတွင်ပါ နေရာတိုးချဲ့ ခင်းကျင်းထားခြင်းဖြစ်သည်။

ကျောက်မျက်အတွဲများ လက်ခံရရှိမှု အခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ ၁၅၆ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ ၅၀ စုစုပေါင်း ကျောက်မျက်အတွဲ ၂၀၆ တွဲ ဖြစ်သည်။ ကျောက်မျက်အတွဲများကို မတ် ၁၃ ရက် နံနက်ပိုင်းတွင် တင်ဒါစနစ်ဖြင့် ရောင်းချပြီး မွန်းလွဲပိုင်းမှ စတင်၍ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများ လက်ခံရရှိမှု အခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ ၁၆၀၀၀၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ ၅၀၀ စုစုပေါင်း ကျောက်စိမ်းအတွဲ ၁၆၅၀၀ တွဲ ဖြစ်သည်။ ကျောက်စိမ်းအတွဲများကို မတ် ၁၄ ရက်မှ ၁၈ ရက်အထိ တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချမည်ဖြစ်သည်။

ပုလဲအတွဲများ လက်ခံရရှိမှု အခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ ၂၂၅ တွဲ၊

အများဆုံး ဝယ်ယူသည့် ရတနာကုန်သည်၊ ကျောက်မျက်အတွဲများ စုစုပေါင်းတန်ဖိုးအများဆုံး ဝယ်ယူခဲ့သည့် ရတနာကုန်သည်နှင့် ပုလဲအတွဲများ စုစုပေါင်းတန်ဖိုးအများဆုံးဝယ်ယူသည့် ရတနာကုန်သည်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး

မှူးပြီး Jewellery Show ပြသဖို့ စီစဉ်ထားပါတယ်။ ကျောက်စိမ်းအတွဲတွေ စစ်ဆေးလက်ခံရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ကျောက်ခင်းကျင်းခြင်း၊ ကျောက်ချိန်တွယ်ခြင်း လုပ်ငန်းတွေကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ နေပြည်တော်မှာ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွေ ကျင်းပပေးတဲ့အတွက် ကျောက်မျက်နဲ့ ကျောက်စိမ်းတွေ ပိုမိုရောင်းချရတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဟာ

(၄၈)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် အရွယ်အစားကြီးမားသော တောင်ပင်လယ် ပုလဲများကို တွေ့ရစဉ်။

ဖွဲ့စည်း၍ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များ အသင်းနှင့် ပေါင်းစပ်ညှိနှိုင်းကာ ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီးကျောက်စိမ်းအချောများ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီး ကျောက်မျက်အချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လတ်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများ၊ ငွေထည်ပစ္စည်း

မြန်မာ့ ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်သည့် ပုဂ္ဂလိကကုမ္ပဏီနှင့် အသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ ရတနာပစ္စည်းရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူများ၊ ကျောက်မျက်ရတနာတင်ပို့ရောင်းချခြင်းလုပ်ငန်း(GTC)လိုင်စင်ရယူထားသောပုဂ္ဂလိက ကုမ္ပဏီနှင့် အသင်းများက ပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို တင်ဒါစနစ် (Tender System)နှင့် ဈေးပြိုင်စနစ်

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအရိုင်းတုံးများကို မဏိရတနာ ကျောက်စိမ်းခန်းမအနီး၌ ခင်းကျင်းပြသထားစဉ်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် အရည်အသွေးကောင်း ကျောက်စိမ်းတုံးကို တွေ့ရစဉ်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက... မည့် ရတနာရှင် ကျောက်မျက်ရတ... ကျောက် ပြာသာဒ်ဆင်ခွာ ၁/၂ လုပ်... ဒသမ ၆၈ ကာရက်ရှိ အရည်... (Semi Cut Sapphire)ကို တွေ့ရစ...

မျက်ရုပ်တုရုပ်ထွင်းများ၊ ကျောက်မျက်ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများ၊ ငွေထည်ပစ္စည်းများနှင့် ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီးများကို ရောင်းချခွင့် ရရှိကြမည်ဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများ ရောက်ရှိပြီဖြစ်၍ ယခုအခါ မဏိရတနာကျောက်စိမ်းခန်းမအနီး မြေကွက်လပ်နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)အနီး၌ ခင်းကျင်းထားပြီးဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် နှစ်လယ်

ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ ၃၀ စုစုပေါင်း ပုလဲအတွဲ ၂၅၅ တွဲဖြစ်ပြီး ပုလဲအလုံးရေ ၂၉၄၇၉ လုံးဖြစ်သည်။ယခုပြပွဲတွင် ယခင်ပြပွဲများနှင့် မတူသည့်အချက်မှာ အရွယ်အစားကြီးမားသော ပုလဲများကို တင်ပြသွားမည်ဖြစ်ပြီး ပုလဲအားလုံးမှာ နိုင်ငံတော်ပိုင်ပုလဲများဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ စုစုပေါင်းတန်ဖိုး

လုပ်ငန်းနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး(၁) ဦးစံမျိုးက “မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းအနေနဲ့ ပြပွဲကော်မတီတွေ ဖွဲ့စည်းပြီး ဆပ်ကော်မတီ အသီးသီးအလိုက် တာဝန်ခွဲဝေပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။ မဏိရတနာကျောက်စိမ်းခန်းမမှာ ဖွင့်ပွဲနေ့နဲ့ နောက်နေ့မှာ အသင်းကကြီး

အသင်းဝင်အင်အား ၃၃၀၀ ကျော်ရှိပါတယ်။ ပြပွဲကာလအတွင်းမှာ ဗဟိုအလုပ်အမှုဆောင်နဲ့ အလုပ်အမှုဆောင်တွေ အလှည့်ကျ တာဝန်ယူပြီး ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် ရတနာပြပွဲဖြစ်၍ ပြည်ပရတနာကုန်သည်များ နေထိုင်၊ သွားလာ၊ စားသောက်ရေး အပါအဝင် အစစအရာရာ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီပေါင်း ၅၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၀ မှ နိုင်ငံခြားသားရတနာကုန်သည် ၄၀၀၀နှင့် ပြည်တွင်းရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်ကြမည်ဟု သိရသည်။

ပြပွဲကာလအတွင်း ပြည်ပရတနာကုန်သည်များ သွားလာမှုလွယ်ကူအဆင်ပြေစေရန် စီစဉ်ထားရာ ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ပါရမီအငှားယာဉ်များဖြစ်သည့် ဆလွန်းကားနှင့် ဗင်ကားမျိုးစုံ အစီးရေ ၁၅၀ ကို ပြေးဆွဲပေးသွားမည်ဖြစ်

မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်

မြင့် (သတင်းစဉ်)

ရတနာ
တွဲများ
ဝယ်ယူ
ပုလဲ
အများ
န်သည်
ျုလက်
ားမည်

မြန်မာ့
င်မြင်
မြန်မာ
ပ်ငန်း
ကျောက်
ယ်ရေး

မှူးပြီး Jewellery Show ပြသဖို့ စီစဉ်ထားပါတယ်။ ကျောက်စိမ်းအတွဲတွေ စစ်ဆေးလက်ခံရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ကျောက်ခင်းကျင်းခြင်း၊ ကျောက်ချိန်တွယ်ခြင်း လုပ်ငန်းတွေကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ နေပြည်တော်မှာ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွေ ကျင်းပပေးတဲ့အတွက် ကျောက်မျက်နဲ့ ကျောက်စိမ်းတွေ ပိုမိုရောင်းချရတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဟာ

သည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှ စင်းလုံးငှားလေယာဉ်ဖြင့် လာရောက်ကြမည့် ရတနာကုန်သည်များအတွက် စင်းလုံးငှားလေယာဉ် ၁၆ စင်း စီစဉ်ထားကြောင်း သိရသည်။ နေထိုင်ရေး အဆင်ပြေစေရန် အတွက် နေပြည်တော်ရှိ ဟိုတယ်ပေါင်း ၂၄ ခုတွင် အခန်းပေါင်း ၁၆၀၀ ခန့်ကို ကြိုတင်စီစဉ်ထားပြီး ဖြစ်သည်။ စားသောက်ရေး အဆင်ပြေစေရန်အတွက်လည်း ဟိုတယ်၊ မိုတယ်စားသောက်ခန်းမနှင့် စားသောက်ဆိုင်များ၌ ပြည်ပရတနာကုန်သည်များ အကြိုက်တွေ့စေမည့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ ရရှိနိုင်အောင် စီစဉ်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး(၁) ဦးစံမျိုး (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်းမှပါဝင်ဆောင်ရွက်ပေးသည့် အခြေအနေများကိုရှင်းလင်းပြောကြားစဉ်။

ရောက်မည့် ရတနာကုန်သည်များအတွက် လိုအပ်မည့် ကျန်းမာရေးဆိုင်ရာကူညီမှုများ ပေးနိုင်ရန်နှင့် ဆေးအကာအကွယ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် မဏိရတနာကျောက်စိမ်းခန်းမတွင် အထူးကုဆရာဝန် တစ်ဦးနှင့် သူနာပြုနှစ်ဦး ဦးစီးသော(လူနာတင်ယာဉ်တစ်စီးအပါအဝင်) ဆေးအကာအကွယ်ပေးရေး ယာယီဆေးခန်းတစ်ခန်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ရတနာ ကုန်သည်များနှင့် ပြောဆိုဆက်ဆံရာတွင် လွယ်ကူမှုရှိစေရေးအတွက် တရုတ်ဘာသာစကားကျွမ်းကျင်သူ နှစ်ဦးကို တာဝန်ချထားပေးသွားမည်ဖြစ်ပြီး ရတနာပြပွဲနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် ရတနာကုန်သည်များကို ရှင်းလင်းပြန်ကြားပေးနိုင်ရန်အတွက် Information Counter ကိုလည်း စီစဉ်ထားရှိပေးမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ မြန်မာ့ကျောက်မျက်ရတနာဈေးကွက် မြန်မာနိုင်ငံတွင်သာ ဖြစ်ထွန်းရမည်ဟူသော လမ်းညွှန်ချက်အရ ကျောက်မျက်ရတနာပြပွဲကို တီထွင်ကြံဆ၍ ခင်းကျင်းပြသခဲ့ရာ တစ်ပွဲထက်တစ်ပွဲ အောင်မြင်မှုများ ရရှိလျက်ရှိသည်။ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ရာ မျှော်မှန်းသည်ထက် အောင်မြင်မှုရရှိခဲ့ပြီး ကျောက်စိမ်းအတွဲများ ဝယ်ယူမှု စံချိန်တင်ခဲ့သည်။

ပြည်ပရတနာကုန်သည်များအနေဖြင့် နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာများကို စံချိန်တင် ဝယ်ယူခဲ့ကြသည့်နည်းတူ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ မကြာမီ ကျင်းပတော့မည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်လည်း ပြည်ပရတနာကုန်သည်များ စိတ်အားထက်သန်စွာ လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နေပြည်တော်၌ ဒုတိယအကြိမ် ကျင်းပသည့် ရတနာပြပွဲကြီးဖြစ်သည်နှင့်အညီ နေပြည်တော်၌ ပထမအကြိမ် ကျင်းပခဲ့သည့် ရတနာပြပွဲထက် ပိုမို၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်စီစဉ်ထားပါကြောင်း တင်ပြလိုက်ရပါသည်။ ။



(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်ရောင်းချမည့် ရတနာရှင် ကျောက်မျက်ရတနာကုမ္ပဏီက မိုးကုတ်မြို့နယ် ကျောက် ပြာသာဒ်ဆင်ခွာ ၁/၂ လုပ်ကွက်မှ တူးဖော်ရရှိသော ၂၃၂ ဒသမ ၆၈ ကာရက်ရှိ အရည်အသွေးကောင်းနီလာပွတ်ချော (Semi Cut Sapphire)ကို တွေ့ရစဉ်။



တွင်
တွေ့ရ

င်ရွက်
ာနိုင်ငံ
န်းရှင်
မှူး(၁)
ကျောက်
ရှင်များ
ကီတွေ
အသီး
ပါဝင်
မဏိ
ဖွင့်ပွဲ
ကကြီး

အသင်းဝင်အင်အား ၃၃၀၀ ကျော်ရှိပါတယ်။ ပြပွဲကာလအတွင်းမှာ ဗဟိုအလုပ်အမှုဆောင်နဲ့ အလုပ်အမှုဆောင်တွေ အလှည့်ကျ တာဝန်ယူပြီး ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် ရတနာပြပွဲဖြစ်၍ ပြည်ပရတနာကုန်သည်များ နေထိုင်၊ သွားလာ၊ စားသောက်ရေး အပါအဝင် အစစအရာရာ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီပေါင်း ၅၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၀ မှ နိုင်ငံခြားသား ရတနာကုန်သည် ၄၀၀၀နှင့် ပြည်တွင်း ရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်ကြမည်ဟု သိရသည်။

ပြပွဲကာလအတွင်း ပြည်ပရတနာကုန်သည်များ သွားလာမှုလွယ်ကူအဆင်ပြေစေရန် စီစဉ်ထားရာ ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ပါရမီအငှားယာဉ်များဖြစ်သည့် ဆလွန်းကားနှင့် ဗင်ကားမျိုးစုံ အစီးရေ ၁၅၀ ကို ပြေးဆွဲပေးသွားမည်ဖြစ်

ပေးထားသည်။

ရတနာပြပွဲသို့ လာရောက်သည့် နိုင်ငံခြားသား ရတနာကုန်သည်များ ရန်ကုန်နှင့် ပြည်ပသို့အပြန်ခရီးစဉ်အတွက် လေယာဉ်လက်မှတ်အဆင်ပြေစေရန် မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းများမှလေယာဉ်လက်မှတ်ရောင်းချသည့် အဖွဲ့များ ထားရှိပေးသွားမည်ဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းတုံးများကို မဏိရတနာ ကျောက်စိမ်းခန်းမအနီးတွင် ခင်းကျင်းပြသထားစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "လူ့စွမ်းအား"တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၄၉)**
- ၈း၃၅ စကျွဒါနကုသိုလ်ယူ မင်းတပ်မြို့မှအလှူ
- ၈း၅၅ မမေ့မလျော့သောတမ်းတမှုတို့ဖြင့် ဦးညွတ်ခြင်း
- ၉း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉း၂၅ Movie Talk (ဦးကြည်စိုးထွန်း၊ ဦးသိုက်စိုး) (အပိုင်း-၂)
- ၉း၅၀ Artist Ko Thein (Movies Star Colourful 1st Salo Show)
- ၁၀း၀၅ မန္တလေးမြို့မှတိတ်ဆိတ်ခြင်း၏ ခွန်အားများ
- ၁၀း၂၅ ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)
- ၁၀း၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)
- ၁၁း၂၅ (၁၁)ကြိမ်မြောက်ပြုလုပ်တဲ့ ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာ မိသားစုရဲ့ အာစရိယပူဇော်ပွဲ
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ နက္ခတ်ဗေဒပညာရပ်ဆိုင်ရာ သိကောင်းစရာ
- ၁၂း၄၀ ခနိုဖြူမြို့ရဲ့ အထင်ကရနေရာများဆီသို့ အလည်တစ်ခေါက်
- ၁း၀၀ "လူ့စွမ်းအား"တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၂)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၉)**
- ၄း၄၅ ဓာတ်တော်ရှင်ကျိုက်ထီးရိုး စေတီတော် (ရှမ်းပြည်နယ်မြောက်ပိုင်း)
- ၅း၀၀ Activities In The City (သဇင်၏"ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ" စီးရီးမိတ်ဆက်အခမ်းအနား)
- ၅း၂၀ ဝန်ဆောင်မှုမြင့်မား ကမ္ဘာ့လေကြောင်းလိုင်းများ Bangkok Airway
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Emerald Spa & Beauty Saloon)
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၃)**
- ၇း၂၀ The Champion of Dance
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂီတသရုပ်ပြခန်း (ဉာဏ်လင်းအောင်ရဲ့ "အသင့်ရှိသူ"စီးရီး)
- ၈း၅၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၀)**
- ၁၀း၁၀ VJ Choice
- ၁၀း၃၅ ယုံကြည်ခိုင်မာသော. . . အောင်မြင်မှုပန်းတိုင်ဆီသို့
- ၁၀း၅၅ Science For All (ကားဝယ်စီးလျှင်တာယာအကြောင်းသိထားသင့်သည်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ World of Knowledge (Flight of the Elephant)
- ၁၂း၃၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
- ၁၂း၄၀ Celebrity Profile (Justin Timberlake)
- ၁း၀၀ ပရအကျိုးတို့သယ်ပိုးစို့
- ၁း၃၀ နုယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းပွင့်များရဲ့ဖန်တီးရှင်) (မင်္ဂလာဆောင်လက်ကိုင်ပန်း ပြုလုပ်နည်း)
- ၁း၅၅ အားကိုးအားထား (ဖိုးသောကြာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
- ၂း၁၀ ရွှေမင်းသား Foundation (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
- ၂း၃၅ Say It In English
- ၂း၅၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမိုးမို့လွင်)
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
- ၄း၃၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
- ၄း၄၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
- ၅း၀၀ အစီအစဉ်ပြီး။

Cotto အမှတ်တံဆိပ် ရေချိုးခန်းသုံးပစ္စည်းများ Housing & Building 2011 ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Housing & Building 2011 ပြပွဲကို မတ် ၃ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Cotto Co., Ltd.မှ ရေချိုးခန်းသုံးပစ္စည်းများကို ပြသလျက်ရှိသည်။**(အပေါ်ပုံ)**

အဆိုပါပြခန်းတွင် ထိုင်းနိုင်ငံ Cotto အမှတ်တံဆိပ် ဘိုထိုင်၊ ဘေစင်၊ ပိုက်ခေါင်း၊ Bathtap၊ Cotto ကြွေပြားနှင့် accessories များကို အရည်အသွေးအကောင်းဆုံးနှင့် ဈေးနှုန်းချိုသာစွာဖြင့် ပြသရောင်းချပေးလျက်ရှိသည်။ Cotto အမှတ်တံဆိပ်ပစ္စည်းများမှာ Trusted Brand Award 2010 ရရှိထားသည်။ ပြပွဲအပြီး ပိတ်ရက်မရှိ Door to Door စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ဆက်သွယ်မှာယူလိုပါက အမှတ် (၂၃၈)ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၄၆၀၉ သို့ ဆက်သွယ်မှာယူရရှိနိုင်သည်။ (သတင်းစဉ်)

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် မတ် ၃

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏ (၄၇)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် ဇလွန်မြို့နယ်သူ၊ မြို့နယ်သားများတက်ရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်အထက် အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ ၂၀၁၀ ခုနှစ်အတွင်း တက္ကသိုလ်ပါရဂူဘွဲ့ရ ဇလွန်မြို့နယ်သူ၊ မြို့နယ်သားများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ဇလွန်မြို့နယ်အသင်းဝင်များ၏ သား၊ သမီးများ အထောက်အထားများနှင့်အတူ မတ် ၁၃ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ပြီး လျှုဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့် (ကေသီပန်) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိမ်း ဖုန်း-၅၈၄၁၉၁၊ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃၊ အတွင်းရေးမှူးများဖြစ်ကြသော ဦးအေးကျော် ဖုန်း-၇၃၀၀၃၄၆၄၊ ၀၉-၅၁၅၈၂၄၃၊ ဦးလှမြင့်ဦး ဖုန်း-၇၂၄၅၅၄၊ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၃၃၁၆ နှင့် ဘဏ္ဍာရေးမှူး ဦးကံထွန်း ဖုန်း-၇၃၀၁၂၄၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပိုင်ဆိုင်မှု အငြင်းပွားကျွန်းများအနီး တရုတ်ရေတပ်လေယာဉ်များ ပျံသန်းမှု ဂျပန်ကန့်ကွက်မည်မဟုတ်

တိုကျို မတ် ၃

အရှေ့တရုတ်ပင်လယ်ရေပြင်အတွင်းရှိ နှစ်နိုင်ငံပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျွန်းများအနီး မတ် ၂ ရက်က တရုတ်ရေတပ်မှ လေယာဉ်နှစ်စင်း ချဉ်းကပ်ပျံဝဲခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံကလည်း ၎င်း၏ တိုက်လေယာဉ်များကို အသင့်အနေအထား ထားရှိခဲ့ရကြောင်း ကြာသပတေးနေ့သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် တရုတ်ရေတပ်လေယာဉ်များသည် ဂျပန်နိုင်ငံ လေပိုင်နက်အတွင်း ဝင်ရောက်ခဲ့မှု မရှိခြင်းကြောင့် နှစ်နိုင်ငံအကြား လေကြောင်းအရ ထိပ်တိုက်ရင်ဆိုင်မှုမရှိခဲ့ကြောင်း ဂျပန်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရှေ့တရုတ်ပင်လယ်အတွင်းဖြစ်ပေါ်လာမည့် လှုပ်ရှားမှုများကို ဂျပန်နိုင်ငံက အနီးကပ် စောင့်ကြည့်နေမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပိုင်ဆိုင်မှုအငြင်းပွား ကျွန်းများအနီး တရုတ်ရေတပ် လေယာဉ်များ ပျံသန်းမှုနှင့်ပတ်သက်၍ တရုတ်အစိုးရကို ကန့်ကွက်သွားမည်မဟုတ်ကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယူကီအိုအီဒါနိုက ပြောကြားသည်။ တရုတ်နိုင်ငံက လုပ်ဆောင်နေသော စစ်ဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် စစ်ရေးလှုပ်ရှားမှုများကို ဂျပန်နိုင်ငံက စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ **အေပီ။**

ဖရန့်ဖတ်လေဆိပ်၌ သေနတ်သမားတစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ဂျာမန်မှုခင်းဆိုင်ရာ ကျွမ်းကျင်သူများကို အခင်းဖြစ်ပွားရာ၌ တွေ့ရစဉ်။

ပါလက်စတိုင်းတို့၏ တင့်ဖျက်ဒုံးပျံ ထရိုဖီစနစ်သုံး၍ အစ္စရေး ကြားဖြတ်ဟန့်တား

ဂျေရုဆလင် မတ် ၃

ပါလက်စတိုင်းစစ်သွေးကြွများပစ်ခတ်ခဲ့သော တင့်ကားဖျက်ဒုံးကျည်တစ်စင်းကို အစ္စရေးနိုင်ငံက တည်ဆောက်ထားသည့် ထရိုဖီခေါ် အဆင့်မြင့်နည်းပညာသုံးလက်နက်စနစ်ဖြင့် မတ် ၂ ရက်က ပထမဆုံးအကြိမ် ကြားဖြတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်သည်။

မြေပြင်တပ်ဖွဲ့များ၏ အဓိကလက်နက်အဖြစ် ဆယ်စုနှစ်များစွာအသုံးပြုခဲ့ကြသော သံချပ်ကာယာဉ် ယန္တရားများကို ထရိုဖီ လက်နက်စနစ်သုံး၍ ကာကွယ်နိုင်ပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်နှင့် အစ္စရေးနယ်စပ်အနီး ပုံမှန်ကင်းလှည့် တာဝန်ထမ်းဆောင်သည့် အစ္စရေးတင့်ကားများကို ပါလက်စတိုင်း စစ်သွေးကြွများက ဒုံးကန်အားသုံးပုံးလက်နက်များဖြင့် မကြာခဏတိုက်ခိုက်လေ့ရှိသော်လည်း ယခုဖြစ်စဉ်၌ ထရိုဖီစနစ်သည် စစ်သွေးကြွများ ပစ်ခတ်လိုက်သော ဒုံးကျည်ကို ထောက်လှမ်းရှာဖွေကာ ပြန်လည်ပစ်ချခဲ့ခြင်းဖြစ်သည်။

ထရိုဖီစနစ်သည် ကမ္ဘာပေါ်ရှိ တစ်ခုတည်းသော တင့်ဖျက်လက်နက်ကာကွယ်ရေးစနစ်ဖြစ်သည်ဟု ဆိုနိုင်သည်။

လက်ရှိကာလ ကမ္ဘာ့တပ်မတော်အသီးသီးတွင် သုံးစွဲနေသော တင့်ကားများသည် ရန်သူ့လက်နက်ဒဏ်ကိုခံနိုင်ရန် သံချပ်ကာ ပြားများကိုသာ အားထားနေရဆဲဖြစ်သည်။

ထရိုဖီစနစ်ကို အပြည့်အဝအသုံးပြုနိုင်ပြီဆိုပါက ထုထည်အားဖြင့် ပိုမိုသေးငယ်ကာ ပိုမိုပေါ့ပါးသော စွမ်းဆောင်ရည်မြင့်သည့် တင့်ကားများကို တည်ဆောက်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။ **အေပီ။**

ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေးနယ်စပ် အနီးပုံမှန်ကင်းလှည့် တာဝန်ထမ်းဆောင်နေသော အစ္စရေးကြည်းတပ်မှ တင့်ကားတစ်စီးကို တွေ့ရစဉ်။

ဂျာမနီနိုင်ငံ ဖရန့်ဖတ်လေဆိပ် သေနတ်ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဖရန့်ဖတ် မတ် ၃

ဂျာမနီနိုင်ငံ ဖရန့်ဖတ်လေဆိပ်၌ လူတစ်ဦးက လက်နက်ငယ်ဖြင့် အနီးကပ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် မတ် ၂ ရက်က အမေရိကန်လေတပ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ တိုက်ခိုက်မှုသည် နှစ်ပေါင်း ၂၅ နှစ်တာ ကာလအတွင်း ဂျာမနီနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပထမဆုံးအကြိမ် တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်သည်။

ဖရန့်ဖတ်လေဆိပ်၌ အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ယူဆရသူမှာ အသက် (၂၁) နှစ်အရွယ်ကိုဆိုဗိုလူမျိုးတစ်ဦးဖြစ်ပြီး ၎င်းကို ချက်ချင်းတရားစွဲဆိုခဲ့ကာ အာဏာပိုင်များက စစ်ဆေးမေးမြန်းလျက်ရှိသည်။

အဆိုပါ ကိုဆိုဗိုလူမျိုးသည် ဂျာမနီနိုင်ငံ၌ မွေးဖွားကြီးပြင်းလာသူဖြစ်ကာ ဖရန့်ဖတ်လေဆိပ်၌ အလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တိုက်ခိုက်မှုမဖြစ်ပွားမီ ယင်းကိုဆိုဗိုလူမျိုးနှင့် အမေရိကန်လေတပ်တပ်ဖွဲ့ဝင်များအကြား အချင်းများခဲ့ကြောင်း ဖရန့်ဖတ်လေဆိပ်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသို့ တိုက်ခိုက်မှုကြောင့် အမေရိကန်လေတပ်ယာဉ်မောင်းတစ်ဦးနှင့် အခြားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရပြီး နှစ်ဦးဒဏ်ရာရရှိကာ တစ်ဦးမှာ စိုးရိမ်ဖွယ်အခြေအနေရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပစ်ခတ်မှုဖြစ်ပွားပြီးနောက် သေနတ်သမားသည် ထွက်ပြေးရန် ကြိုးပမ်းခဲ့သော်လည်း သက်ဆိုင်ရာတို့က လက်ရဖမ်းဆီးနိုင်ခဲ့သည်။

သေဆုံးသူနှစ်ဦးအပါအဝင် အမေရိကန်တပ်ဖွဲ့ဝင်များသည် အင်္ဂလန်နိုင်ငံမှ ဂျာမနီနိုင်ငံသို့ ရောက်ရှိခါစဖြစ်ပြီး ဖရန့်ဖတ်လေဆိပ်အနီးရှိ လေတပ်အခြေစိုက်စခန်းသို့ သွားရောက်ရန် စောင့်ဆိုင်းနေချိန်တွင် အဆိုပါပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အေပီ။**

အီရန်စစ်သင်္ဘောများ စူးအက်တူးမြောင်းကို ဖြတ်သန်း၍ အပြန်ခရီးနှင်

ကိုင်ရို မတ် ၃

မြေထဲပင်လယ်ဒေသ ဆီးရီးယားနိုင်ငံသို့ ရောက်ရှိနေသော အီရန်စစ်သင်္ဘောနှစ်စင်းသည် မတ် ၃ ရက်တွင် စူးအက်တူးမြောင်းကိုဖြတ်ကာ အီရန်နိုင်ငံသို့ ပြန်လည်သွားရောက်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရန်ရေတပ်မှ အဲလ်ဗင့်အမည်ရှိ ဖရီးဂိတ်သင်္ဘောနှင့် ခါ့က်ခ်အမည်ရှိ ထောက်ပံ့ရေးသင်္ဘောတို့သည် ပင်လယ်နီဒေသသို့ အပြန်ခရီးနှင်ရန် စူးအက်တူးမြောင်း၏ မြောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သော ပို့ဆက်မြို့သို့ ကြာသပတေးနေ့ ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် ရောက်ရှိမည်ဖြစ်ကြောင်း စူးအက်တူးမြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ အီရန်စစ်သင်္ဘောနှစ်စင်းသည် မြေထဲပင်လယ်ဒေသသို့ သွားရောက်ရန် စူးအက်တူးမြောင်းကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဖြတ်သန်းခဲ့ပြီး ၁၉၇၉ ခုနှစ် အစ္စလာမ့်တော်လှန်ရေးနောက်ပိုင်း အီရန်ရေတပ်၏ ပထမဆုံးပြည်ပခရီးစဉ် ဖြစ်သည်။

အီရန်စစ်သင်္ဘောများ စူးအက်တူးမြောင်းကို ဖြတ်၍ မြေထဲပင်လယ်ဒေသသို့ လာရောက်ခြင်းသည် နိုင်ငံရေးအရ ရန်လိုသည့်အပြုအမူဖြစ်ကြောင်း အစ္စရေးနိုင်ငံက သတ်မှတ်ခဲ့ပြီး ၎င်း၏ရေတပ်ကို အသင့်အနေအထား ပြင်ဆင်ထားခဲ့သည်။

ဂါဇာကမ်းမြောင်မှ ဟားမားစ်အုပ်စုနှင့် လက်ဘနွန်နိုင်ငံမှ ဟစ်ဇ်ဘိုလာအုပ်စုတို့ကို ကူညီထောက်ပံ့နေသည့် အီရန်နိုင်ငံအား ဂျူးနိုင်ငံတော်၏ရန်သူအဖြစ် အစ္စရေးကရှုမြင်ထားသည်။ **အေအက်ဖ်ပီ။**

စစ်ဆင်ရေးအတွင်း အာဖဂန်ကလေးကိုးဦးသေဆုံးမှု နေတိုးတပ်ဖွဲ့ တောင်းပန်စကားပြောကြား

ကဘူး မတ် ၃

စစ်ဆင်ရေးတစ်ခုအတွင်း အာဖဂန်ကလေး ကိုးဦးမတော်တဆသေဆုံးခဲ့ခြင်းနှင့်ပတ်သက်၍ မြောက်အတ္တလန္တိတ်စာချုပ် (နေတိုး)တပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရေးယပ်စ်က မတ် ၂ ရက်တွင် တောင်းပန်စကားပြောကြားခဲ့သည်။ ယင်းအပြင် စစ်ဆင်ရေးများအတွင်း အရပ်သားသေဆုံးမှုများကို ရှောင်ရှားနိုင်ရန် ၎င်း၏ညွှန်ကြားချက်များကို အလေးဂရုပြုလိုက်နာရေးအတွက် အမေရိကန်တပ်ဖွဲ့များကို ညွှန်ကြားခဲ့သည်။

နေတိုးတပ်ဖွဲ့၏ စစ်ဆင်ရေးများအတွင်း အရပ်သားသေဆုံးမှုများဖြစ်ပေါ်နေခြင်းသည် အမေရိကန်ဦးဆောင်သော နိုင်ငံခြားတပ်ဖွဲ့များနှင့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းတို့အကြား ဆက်ဆံရေးတင်းမာရခြင်း၏ အကြောင်းရင်းတစ်ချက်ဖြစ်သည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်း ကူနာပြည်နယ် ပါ့က်ခ်တောင်ကြားဒေသတွင် မတ် ၁ ရက်က ပြုလုပ်ခဲ့သော စစ်ဆင်ရေးအတွင်း သေဆုံးခဲ့သူများသည် ဆောင်းရာသီ၌ မိသားစုကို အနွေးဓာတ်ပေးနိုင်ရန် ထင်းကောက်ထွက်သော အပြစ်မဲ့ကလေးများသာဖြစ်ကြောင်း သမ္မတ ဟာမစ်ကာဇိုင်းက ပြောကြားသည်။ **အင်တာနက်။**

မော်စကို မြေအောက်ရထားတစ်စင်းပေါ်၌ တွေ့ရသော ပိုင်ရှင်မဲ့ ခွေးလေခွေးလွင့်တစ်ကောင်။

ခွေးလေခွေးလွင့်များ ဖယ်ရှားရေးအစီအစဉ် မော်စကိုမြို့တော်ပယ်ဖျက်

မော်စကို မတ် ၃ - ရုရှားနိုင်ငံ မော်စကိုမြို့တော်တွင်းရှိ ခွေးလေခွေးလွင့် ထောင်ပေါင်းများစွာတို့ကို စုဆောင်းဖမ်းယူ၍ မြို့ပြင်ရှိ စခန်းတစ်ခုသို့ ပို့ဆောင်မည့် စီမံချက်ကို မော်စကိုမြို့တော်အာဏာပိုင်များက ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း မတ် ၂ ရက်က သတင်းများတွင် ဖော်ပြသည်။

ခွေးလေခွေးလွင့်များကိုဖမ်းဆီးကာ မြို့တော်၏အဝေးသို့ ပို့ဆောင်မည့် စီမံချက်ကို စွန့်လွှတ်ရန် တိရစ္ဆာန်များ အခွင့်အရေး လှုပ်ရှားသူများနှင့် ရုရှားအနုပညာရှင်များက မော်စကိုမြို့တော် အာဏာပိုင်များကို ဖိအားပေးတောင်းဆိုခဲ့ကြသည်။

ရုရှားနိုင်ငံ မော်စကိုမြို့တော်၌ ခွေးလေခွေးလွင့်ကောင်ရေ ခန့်မှန်းခြေအားဖြင့် ၂၆၀၀၀ မျှရှိပြီး အချို့ခွေးများအား စက်လှေကားများတွင်လည်းကောင်း၊ မြေအောက်မီးရထားများပေါ်၌လည်းကောင်း လိုက်ပါသွားလာနေသည်ကို တွေ့ရတတ်သည်။ အချို့ခွေးများမှာ သွားလာနေသူများကို ခြိမ်းခြောက်ရန်မူတတ်သည်ဟု ဆိုသည်။

မော်စကို မြို့တော်သည် ခွေးလေခွေးလွင့် ပြဿနာကို ဖြေရှင်းရန် ခွေးထိန်းသိမ်းရေး စခန်းများ တည်ဆောက်ခြင်း အပါအဝင် အခြားခွေးထိန်းသိမ်းရေး အစီအစဉ်များအတွက် ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား အမေရိကန်ဒေါ်လာ ၅၄ သန်း သုံးစွဲခဲ့သည်။ **အေပီ။**

အိုင်ဝိုင်း-သိုက်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အားပေး

နေပြည်တော် မတ် ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းတွင် (၆၆) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် အိုင်ဝိုင်း-သိုက်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး **(ယာပုံ)**ကျောက်ချောလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အိုင်ဝိုင်း-သိုက်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ၉ မိုင်၊ အကျယ် ၁၀ပေ ရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းဖောက်လုပ်ပြီးစီးသွားသဖြင့် အိုင်ဝိုင်း၊ လက်ပံကုန်း၊ သိုက်ကုန်း၊ အိမ်ရာကြီး၊ သာယာကုန်း ကျေးရွာအုပ်စုများရှိ ကျေးရွာကိုးရွာနေ ပြည်သူများအနေဖြင့် ယခင်ရေလမ်းကြောင်းကိုသာ အသုံးပြုနိုင်ခဲ့ရာမှ မအူပင်မြို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်သဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ များစွာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် မအူပင်မြို့နယ် ကျွဲသောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့် ဆိပ်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတို့သို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင်များနှင့် နည်းပြချုပ်တို့က အမျိုးသား အသက်(၆၀)အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ဦးသိန်းအောင်နှင့် ဒုတိယဆုရ ဦးအောင်မြင့်၊အမျိုးသား(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ဦးအေးထွန်း၊ ဒုတိယဆုရ ဦးအောင်မိုး၊ အမျိုးသား(၃၅)နှစ်အထက် တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရ ခင်မောင်ဝင်းနှင့် ဒုတိယဆုရအောင်မိုး၊ အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ သန္တာအောင်နှင့် ဆုဝေဖြိုးအတွဲနှင့် ဒုတိယဆုရ မေသီထွန်းနှင့် ခိုင်ငြိမ်းသာ အတွဲတို့အားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းက အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ မင်းမင်းနှင့် ဖြိုးမင်းသာအတွဲ၊ ဒုတိယဆုရ ခင်မောင်ဝင်းနှင့် အောင်မိုးအတွဲတို့အားလည်းကောင်း၊မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူးဒေါ်အယ်လ်ခွန်းရီက အမျိုးသမီးအလွတ်တန်း တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရ ဆုဝေဖြိုး၊ ဒုတိယဆုရ နီလာဝင်းနှင့် ပူးတွဲတတိယဆုရ သန္တာအောင်နှင့် ကြည်မြဇော်တို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအလွတ်တန်း တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရ အောင်ကျော်နိုင် **(အပေါ်ဝဲပုံ)**၊ ဒုတိယဆုရ တူးတူးဂျာနှင့် ပူးတွဲတတိယဆုရ မင်းမင်းနှင့် ဖြိုးမင်းသာတို့အား ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KNUအကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာအုပ်စု သူဌေးကုန်းရွာနေ မောင်စိုးထိုက်(ခ)လာလူးသည် မတ် ၂ ရက်တွင် အဖော်ငါးဦးနှင့်အတူ ရွာမှ ထင်းခုတ်ရန် ထွက်လာစဉ် နံနက်၈နာရီခွဲခန့်တွင် ရွာနှင့် နှစ်မိုင်ခန့်အကွာ တောတွင်းတစ်နေရာ၌ KNUအကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ညာဒူးအောက်မှပြတ် ဒဏ်ရာရရှိခဲ့ပြီး တာဝန်ရှိသူများက တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** အောင်လံမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ထားဝယ်မြို့တွင် သုည ဒသမ ၉၄ လက်မနှင့် ရန်ကုန်(မြို့လယ်)တွင် သုည ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၄ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

Maruart ကြမ်းခင်းများ၊ Wallpaper များ Housing & Building 2011 ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Housing & Building ပြပွဲကို မတ် ၃ ရက်မှ ၆ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Maruart ကြမ်းခင်းများနှင့် Wallpaper များကို ပြသရောင်းချလျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါ ပြခန်းတွင် Maruart ကိုရီးယား လာမီနိတ်ကြမ်းခင်းသည် လေးလံသော အိမ်ထောင်ပရိဘောဂများ၊ မီးခံသေတ္တာများကို ခံနိုင်ရည်ရှိပြီး ခြစ်ရာ၊ စင်းရာမထင် ပေါ်လစ်တင်စရာမလိုဘဲ နှစ်ပေါင်းများစွာ အရောင်ပြောင်းလဲသွားခြင်း၊ မေးမှိန်သွားခြင်း လုံးဝမရှိ၊ ခြင်ဆေးမီး၊ ဆေးလိပ်မီးများကြောင့် လောင်ကျွမ်းခြင်းမရှိဘဲ ရေစိုအဝတ်ဖြင့် သန့်ရှင်းရေးကို လျင်မြန်စွာလုပ်ကိုင်နိုင်သည်။ အိမ်ပြောင်းလျှင် အသင့်ဖြုတ်ယူသွားပြီး ခင်း၍ရနိုင်သည်။ ခြေထောက်မအေးသဖြင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သည်။ Infra Red Radiation နှင့် Bio ceremic coatingများ ပါဝင်ထုတ်လုပ်ထားခြင်းတို့ကြောင့် သုံးစွဲသူများအတွက် စိတ်ချမ်းသာသည်။

နံရံကပ် ကိုရီးယား Vinyl Wallpaper များသည် ပိုးသားနှင့် ဗီနိုင်းရောစပ်ထုတ်လုပ်ထားခြင်းကြောင့် ရေစိုခံပြီး ရေပတ်ဝတ်ဖြင့် သန့်ရှင်းရေးလုပ်နိုင်သည်။ နှစ်ပေါင်းများစွာ အရောင်လွင့်ပြယ်မှုမရှိဘဲ ထာဝရသစ်လွင်တောက်ပပြီး လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ပိုးမွှားများ မကပ်ငြိဘဲ လူကိုဥပဒ်ပေးသောဓာတုဗေဒပစ္စည်းများ၊ အနံ့အသက်များ မပါဝင်ခြင်းတို့ကြောင့် သုံးစွဲသူများကို လန်းဆန်း တက်ကြွစေသည်။

(၅)နှစ်အာမခံဖြင့် ကုမ္ပဏီမှ တာဝန်ယူ၍ အိမ်တိုင်ရာရောက် လိုက်လံခင်းကျင်းအလှဆင်ပေးသည်။ ပြပွဲကာလအတွင်း ဝယ်ယူပါက အထူးဈေးနှုန်းဖြင့် ရောင်းချပြီး အိမ်တိုင်ရာရောက်အလှဆင်ပေးမည်ဖြစ်သည်။ ပြပွဲအပြီး ဝယ်ယူလိုပါက အမှတ်(၂) အောင်သုခလမ်း (၉)မိုင် (အိုးရှင်းစူပါမားကတ်) အနီး ဖုန်း -၀၁-၇၀၁၄၇၈ နှင့် ၀၉-၅၀၀၉၅၂၃၊ အမှတ်(၁၇၈) ဗညားဒလလမ်း (၇)လွှာ တာမွေမြို့နယ် ဖုန်း-၀၁-၂၉၃၀၁၂ နှင့် ၀၉-၅၄၀၁၁၆၅၊ အမှတ်(၂၉) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၃၈၀၅၈၉ နှင့် ၀၁-၃၈၀၀၇၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



နိုင်ငံတကာ အားကစားသတင်းများ

လေတန်အောရင့်ကို ဂိုးပြတ်ဖြင့် အနိုင်ရသည့်အာဆင်နယ် ကွာတားဖိုင်နယ်တွင် မန်ယူနှင့်တွေ့ဆုံမည်

လန်ဒန် မတ် ၃

အက်ဖ်အေဖလား ပဉ္စမအဆင့်ပြန်ကန်ပွဲတွင် အာဆင်နယ်က ချာမက်ခ်၊ ဘန်တနာ၊ ကလစ်ချီတို့၏ ဂိုးများဖြင့် အသင်းငယ်လေး လေတန်အောရင့်ကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

အခြားပဉ္စမအဆင့် ပွဲစဉ်တစ်ပွဲဖြစ်သည့် မန်စီးတီးနှင့် ဗီလာတို့ပွဲတွင် မန်စီးတီးက ယာယာတိုရေး၊ ဘာလော့တယ်လီနှင့် ဒေးဗစ်ဆေးလ်ဗားတို့၏ဂိုးများဖြင့် ဗီလာကို သုံးဂိုးပြတ်သွင်း၍အနိုင်ရကာ ကွာတားဖိုင်နယ်ကို တက်သွားပြီဖြစ်သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မတ် ၁၂ရက်(စနေနေ့)တွင် ဘာမင်ဂမ်နှင့် ဘော်လ်တန်၊ မန်ယူနှင့် အာဆင်နယ်၊ မတ် ၁၃ရက်(တနင်္ဂနွေနေ့)တွင် စတုတ်စီးတီးနှင့် ဝက်စ်ဟမ်း၊ မန်စီးတီးနှင့် ရီဒင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ သုံးပတ်ခန့်နားရမည်

လန်ဒန် မတ် ၃

အာဆင်နယ်အသင်း၏ တိုက်စစ်မှူး ဗန်ပါစီသည် ဘာမင်ဂမ်နှင့် ကစားခဲ့သည့် ကားလင်းဖလားပြိုင်ပွဲတွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့်အနည်းဆုံး သုံးပတ်ခန့် အနားယူရတော့မည်ဖြစ်သည်။

ထို့ကြောင့် ဗန်ပါစီသည်ပရီမီယာလိဂ်ပွဲစဉ် (၂၉)အဖြစ် ဆန်းဒါးလန်းနှင့် ကစားရမည့်ပွဲကို လွဲချော်မည်ဖြစ်သကဲ့သို့ မတ် ၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ဘာစီလိုနာနှင့်အဝေးကွင်း ကစားရမည့် ချန်ပီယံလိဂ်ပွဲ၊ မတ် ၁၂ရက် (စနေနေ့)တွင် မန်ယူနှင့် အဝေးကွင်း ကစားရမည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲတို့ကိုပါ လွဲချော်ရတော့မည် ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ဒိုကြီးကို ဂုဏ်ပြုသောအားဖြင့် ဘရာဇီးနှင့် ရိုမေးနီးယား ဂုဏ်ပြုပွဲကစားမည်

ဘရာဇီးလီးယား မတ် ၃

ဘောလုံးကစားခြင်းမှ အနားယူသွားပြီဖြစ်သည့် ကမ္ဘာကျော် ဘရာဇီးကစားသမား ရိုနယ်ဒို(ဒိုကြီး) **(အပေါ်ပုံ)**ကို ဂုဏ်ပြုသည့်အနေဖြင့် လာမည့် ဇွန် ၇ ရက်တွင်ဘရာဇီးအသင်းနှင့်ရိုမေးနီးယား အသင်းတို့ ဂုဏ်ပြုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘရာဇီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရီကာဒိုက ရိုမေးနီးယားအသင်းကို ဖိတ်ခေါ်ပြီး ဒိုကြီးအတွက် ကြီးကျယ်ခမ်းနားသည့် ဂုဏ်ပြုပွဲပြုလုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဤဂုဏ်ပြုပွဲတွင် ဒိုကြီးသည် ဘောလုံးသမားဘဝကို နောက်ဆုံး နှုတ်ဆက်ခြင်းအနေဖြင့် ဘရာဇီးအင်္ကျီကိုဝတ်ကာ ဘရာဇီးအသင်းတွင် ပါဝင်ကစားမည်ဖြစ်သည်။

ဒိုကြီးသည် ဘရာဇီးအသင်းနှင့်အတူ ကမ္ဘာ့ဖလားကိုလေးကြိမ်တိုင် ဝင်ရောက်ကစားပေးကာ ကမ္ဘာ့ဖလားကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးပေးထားနိုင်သည်။ ထို့ပြင် အသက် (၃၄)နှစ်ရှိ ဒိုကြီးသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းသူအဖြစ် စံချိန်တင်ထားနိုင်သူလည်း ဖြစ်သည်။

အင်တာနက်။

50 LEARNING CENTER

BEST

English for Sea Farers

EDUMAP

Crash Course in Going Abroad
Sat, Sun 4:00 - 6:00 p.m

Basic Speaking & Grammar
Sat, Sun 9:00 - 11:00 a.m

General English (4 Skills)
Thu, Fri, Sat 8:00 - 9:30 a.m
Sat, Sun 4:00 - 6:00 p.m

Spoken English
Mon, Tue, Wed 7:30 - 9:00 a.m
Sat, Sun 8:00 - 10:00 a.m
Sat, Sun 4:00 - 6:00 p.m

Basic Grammar
Mon, Tue, Wed 3:00 - 4:30 p.m

EDUMAP Language Centre 095191046 505965

ဆေးခန်းနေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

အမှတ်(၄၁၀) ရွှေဘုံသာအထက်လမ်းရှိ 'နွယ်'သွား ဆေးခန်းအား (အမှတ်-၃၆၆) ပထမထပ် ရွှေဘုံသာ အထက်လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

ဖုန်း-၀၉-၅၀၂၁၆၈၃၊ ၃၈၅၅၄၅

PHONETICS နှင့် SPEAKING

Top English

Ever Top

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့ ပြည်တော်သာရပ် အမက ပြုပြင်မွမ်းမံမှုရေစက်ချပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်အေး ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (၁၅၀)

ဘုရားရေပာန်းသိမ်ကျောင်းဒါယကာကြီး ဦးစံဝင်းလှိုင်(ခ)မောင်ငယ် အသက်(၅၂)နှစ် (မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၆၀)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ကံကော်အိမ်ရာ၊ တိုက်(B)၊ PH-AB၊ အပေါ်ဆုံးထပ်နေ ဦးကြိုင်ကျင့်(ခ)ဦးအောင်လွင်-(ဒေါ်သန်းမြင့်)တို့၏သားထွေး၊ ဦးသိန်းရွှေ-ဒေါ်ကျင်စု-ဒေါ်ခင်စန်းဝင်းတို့၏ သားသမက်၊ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ မထက်ရည်မွန်ဝင်း(ခ) Olive (G IV.C) အထက(၁)ဒဂုံ၊ မလဲ့ရည်မွန်သင်း(ခ) Joyce (G.I.B) (HORIZON)၊ မောင်ထူးအောင်(ခ) Roland (PKG.HOR IZON)တို့၏ဖခင်၊ ဦးစံဝင်းလှိုင်သည် ၁-၃-၂၀၁၁ရက် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၁ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်-၆၂၀(က)၊ မြေအကျယ် ပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဇာဂ(ခ)စာဂ(၂၂)လမ်း၊ အမှတ်-၆၂၀(က) ဟုခေါ်တွင်သည့် အိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သော ကွယ်လွန်သူ ဦးကြည်(CG-၀၈၇၉၃၆)၏ ဇနီးဖြစ်သူ ဒေါ်တင်ဥ[၁၂/ဥကတ(နိုင်)၀၃၄၄၄၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိန်(စဉ်-၂၂၅၃၆) **ဦးထင်အောင်(စဉ်-၃၀၇၈)**
ဒေါ်စန္ဒာဝင်း(စဉ်-၂၂၅၆၂) **တရားရုံးချုပ်ရှေ့နေ**
ဒေါ်ခင်မြင့်စော(စဉ်-၃၁၂၇၂)
ဒေါ်ဖြူသင်းကြိုင်(စဉ်-၃၁၇၈၆)
ဒေါ်မေမြတ်ချိန်(စဉ်-၃၁၇၉၅)

အထက်တန်းရှေ့နေများ

အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၇၂၇၆၊ ၀၉-၅၄၀၆၄၀၆

ကန့်ကွက်အပ်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃စီ)၊ မြေကွက်အမှတ်-(V-64)၊ ဧရိယာ (၀. ၂၀၆)ဧက၊ နှစ်(၉၀)ဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များသည် ဖခင်ဖြစ်သူ Mr.J.A Mah အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး မိဘများကွယ်လွန်သည့်အခါသားသမီး(၁၀)ဦးက အမွေဆက်ခံရရှိကြမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်မှ မြေအကျယ်(၀. ၀၆၀)၊ ၂၆၁၃ စတုရန်းပေကို ဦးကျော်ဇေယျ(ခ) ဦးကျော်ဇော(E/RGN- ၀၂၀၁၇၅)နှင့် ဦးစိုင်းနော် [၁၂/မရက(နိုင်)၁၁၀၄၁၈](၎င်းထံမှ GP မှတ်ပုံတင်အမှတ်-၁၁၅၇၅/၂၀၀၇ ရရှိထားသူ ဦးစိုင်းဟတ်(ခ)ချားလ် [၁၃/တကန(နိုင်)၀၁၇၄၄၉]တို့က ရောင်းချခြင်းအတွက် ၅-၂-၂၀၁၁ ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာအရ သိရှိရပါသဖြင့် Mr.J.A Mah ၏ အောက်ဖော်ပြပါ အမွေစားအမွေခံ သားသမီးများက ကန့်ကွက်ကြကြောင်းနှင့် ၎င်းတို့အားမျက်ကွယ်ပြု၍ဆောင်ရွက်ကြသူများကို ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နန်းလွယ်ခမ်း၊ ဂျိုးဇက်မား(ခ)စိုင်းဟွမ်၊ ဦးစတီဗင်မား(ခ)စိုင်းတစ်၊ စိုင်းနွံတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမော်(အထက်တန်းရှေ့နေ)

B.Sc,H.G.P,D.B.L,D.I.L, D.M.L

DL.IP WIPO in Geneva

တိုက်-၆/၁/၃၊ ဆရာများရိပ်သာ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၆၈၃

E-mail: myomaw 2007 @ g-mail. Com

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် လိပ်ဥကုန်းတံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁ ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စန်းဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘုရားရေပာန်းသိမ်ကျောင်းဒါယကာကြီး ဦးစံဝင်းလှိုင်(ခ)မောင်ငယ် အသက်(၅၂)နှစ် (မင်္ဂလာဈေး)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ ကံကော်အိမ်ရာ၊ အမှတ် (၆၀)၊ (B1B)၊ မြေညီထပ်နေ ဦးကြိုင်ကျင့်(ခ)ဦးအောင်လွင်- (ဒေါ်သန်းမြင့်)တို့၏သားထွေး၊ (ဦးချစ်လှ)-ဒေါ်ခင်မြနု၊ (ကိုစံဝင်းကြိုင်)တို့၏ညီထွေး၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်လုံး၊ ဒေါ်ငွေငွေ၊ (ဦးဝင်းနိုင်)-ဒေါ်တင်အိ၊ ဦးကျော်သက်-ဒေါ်တင်တင်ထွေးတို့၏ မောင်လေး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေး ဦးစံဝင်းလှိုင်(ခ)မောင်ငယ်သည် ၁-၃-၂၀၁၁ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၁ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးနေ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်းငွေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၉၂)ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၇)ထပ်တိုက် အဆောက်အအုံ၏ မြေရင်းခန်း(ဝဲဘက်ခြမ်း)ရှိ အလျား×အနံ (၁၅ ပေ×၆၅ပေ)အကျယ်ရှိ မြေညီထပ်တိုက်ခန်းဥပစာနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်လက်ဝယ်ရှိသူနှင့် မြေပိုင်ရှင်ဖြစ်သူ ဦးရွှေစင်[၁၂/တမန(နိုင်)၀၀၈၀၆၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညီနပ်(စဉ်-၂၉၃၆၁) **ဒေါ်နီလာအောင် LL.B,LL.M**
ဒေါ်ငြိမ်းချမ်းထိုက်(စဉ်-၂၈၁၅၂) **တရားရုံးချုပ်ရှေ့နေ(စဉ်-၇၇၂၅)**
ဒေါ်အိအိဟိန်း(စဉ်-၂၈၂၃၁)

အထက်တန်းရှေ့နေများ

အမှတ်(၅၆၃)၊ MAC Tower၊ အခန်းအမှတ်(၂၀၃/၂)၊ ဒုတိယထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၃၁၀၉၊ ၅၈၄၇၅၀

သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အခြေခံကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ အပြေး ပထမဆုရရှိသူ မောင်အေးကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦး ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

တောင်ငူမြို့ (၁)လမ်းနေ ကွယ်လွန်သူ ဒေါ်အောင်အားရည်စူး၍ ကျန်ရစ်သူခင်ပွန်း ဦးခင်မောင်၊ သမီးများဖြစ်ကြသည့် မခင်ဝင်းအောင်၊ မမြင့်မြင့်ကြည်နှင့် မစန်းစန်းမိသားစုက တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာသို့ ထာဝရ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေကျပ်နှစ်သိန်းကို ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြင့်ညို(အမေ့အိမ်) ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၂၉)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြော

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ခင်မောင်ဝင်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ၂၅ရက်နံနက် ၁၀နာရီခွဲမှ ၁၁နာရီခွဲအထိ ဗဟန်းမြို့နယ် City Mart Holding Co.,Ltd. မှ ကုမ္ပဏီဝန်ထမ်းများနှင့် ယာဉ်မောင်း ၂၈ဦးတို့အား ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများ ပညာပေး ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ခွေး၊ ကြောင်ရောင်းမည်

သင့်မိသားစုနှင့် ကလေးများအတွက် နွေရာသီတွင် အကောင်းဆုံး အဖော်ဖြစ်စေမယ့် အိမ်မွေးခွေးပုလေးများ (၄၀၀၀၀ မှ ၈၀၀၀၀ ကျပ်ထိ)၊ ပါရှန်ကြောင်ပေါက်လေးများ၊ Beagle ၂ လခွဲ(အထီး)နှင့် ခွေးဘီလူး အငယ်စား(PUG)လေးများ ရောင်းမည်။ ရှားပါးခွေးမျိုးစုံ မှာယူနိုင်သည်။

ဖုန်း-၀၉-၅၀၅၄၈၀၁၊ ၀၉-၄၉၂၈၄၁၂၉

ဥတုရာသီ တောကိုမှီ၏

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ အဖွဲ့ဝင်(၁၅)ဦးပါ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်း

ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်

နေပြည်တော် မတ် ၃

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ရောက်ရှိနေရာယူသည်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိသည့်အနက် (၂၂၃) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၅) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ဖွဲ့စည်းရမည်ဖြစ်

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို (၁၅) ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌ တင်ပြပြီး အတည်ပြုချက်ရယူ ဖွဲ့စည်းရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းရန်လျာထား

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၃၄ အရ ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းရန် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)